## ရောဂါကာကွယ်နှိမ်နင်းရေးစီမံချက်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်မှစ၍ အဓိက ကူးစက်တတ်သော ရောဂါနှိမ်နင်းရေးလုပ်ငန်းများကို ရောဂါအလိုက် သီးခြားစီမံကိန်းများဖြင့် အကောင်အထည်ဖော်ခဲ့ကြသော်လည်း ၁၉၇၈ ခုနှစ်မှစတင်၍ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အခြေခံကာ ရောဂါနှိမ်နင်းရေးလုပ်ငန်းများအားလုံးကို ပေါင်းစည်း၍ အကောင်အထည်ဖော်ခဲ့ကြပါသည်။

ထိုအချိန်မှစတင်၍ အခြေခံကျန်းမာရေးဝန်ထမ်းများအား ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းခြင်း၊ အနာကြီးရောဂါအတွက် အမ်ဒီတီဆေးကျွေးခြင်း၊ တီဘီရောဂါလူနာသစ်ရှာဖွေခြင်းနှင့် ကုသမှုပေးခြင်း၊ ကလေးငယ်များတွင် ဖြစ်ပွားတတ်သော ရောဂါ (၆)မျိုးအတွက် ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်နှိမ်နင်းခြင်းနှင့် ကူးစက်တတ်သောရောဂါများကို စုံစမ်းထောက်လှမ်းခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်အောင် လိုအပ်သောသင်တန်းများပေး၍ ဆောင်ရွက်စေခဲ့ပါသည်။ ကျန်းမာရေးဦးစီးဌာန၊ ရောဂါကာကွယ်နှိမ်နင်းရေးဌာနခွဲနှင့် ဗဟိုကူးစက်ရောဂါနှိမ်နင်းရေးအဖွဲ့များမှ လိုအပ်သော ကြီးကြပ်ဆန်းစစ်ခြင်း၊ နည်းပညာပံ့ပိုးပေးခြင်းလုပ်ငန်းများကို ဗဟိုနှင့် ပြည်နယ်/တိုင်းအဆင့် ရောဂါနှိမ်နင်းရေးအဖွဲ့ များမှ တစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။